# ဂုံပ

မင်းအတွက်ဆို

DESIGN THEIN SHWE KYI

# အခန်း (၁)

''တစ်ယောက်က ပုဂ္ဂိုလ်၊ တစ်ယောက်က စီစစ် တဲ့၊ နှစ် ယောက်လုံး နာမည်တွေကတော့ အထက်စီးကပဲ''

''ဒီဇိုင်းကလည်း တစ်ယောက်တစ်မျိုးမိုက်တာပဲပဲဟဲ့၊ အမြင့်ကနေနိုင်တာလည်း မပြောနဲ့ သူဌေးသားတွေတဲ့၊ တစ်နေ့မှာ အမွေဆက်ခံခွင့်ရကြမယ့် ဟိုက်ဘော့(စ်)တွေ''

''အမိဖမ်းချင်ရင်တော့ စီစစ်ကိုပဲ ရချင်ရမှာနော်၊ ပုဂ္ဂိုလ်က အသည်းနှလုံးမရှိတာလား၊ မိန်းမတွေကို ရောရောနှောနှော မဆက်ဆံတတ်တာလားတော့ မသိဘူး၊ အငြိမ်ပဲတဲ့''

''ကြီးကျယ်တာလည်း ဖြစ်နိုင်တာပဲ၊ ဘဝင်မြင့်တယ်ဆိုတာ က သူနဲ့မလိုက်ဖက်လောက်ဘူး၊ စီစစ်ထက် နူးညံ့သိမ်မွေ့မှုရှိတယ်လို့ ပြောကြတယ်''

''သူတို့နှစ်ယောက်က အရမ်းချစ်ကြတဲ့ သူငယ်ချင်းတွေ ဆို ပေမယ့် စရိုက်ကတော့ မတူကြဘူး၊ ဒါပေမဲ့ နှစ်ယောက်လုံး စွဲဆောင်မှု ရှိတာကတော့ ငြင်းလို့မရဘူးနော်၊ တို့ကျောင်းမှာ ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်''

တစ်ယောက်တစ်မျိုး ကြွက်စီကြွက်စီ တီးတိုးဝေဖန်မှုတွေက အေးအေးလူလူ နေ့လယ်စာ စားနေကြသော စီစစ်တို့နားထဲ ဖိတ်လျှံလွင့်ပျံ့လာသည်။

ဒါက တစ်နေ့ကိစ္စလည်းမဟုတ်။

သူတို့နှစ်ယောက်ကို မြင်လိုက်သည့် လူတိုင်းက စိတ်ဝင် တစား

အတင်းပြောနေတတ်ကြတာပါ။

စီစစ်က ဂရုမစိုက် အလေးမထားနေတတ်ပေမယ့် ပုဂ္ဂိုလ် က နှာဖျားလေးတွေ၊ မျက်ခမ်းစပ်လေးတွေ နီရဲပြီး နဖူးက ချွေးစို့ သည်အထိ၊ မနေတတ် မထိုင်တတ် ဣန္ဒြေမရ ဖြစ်နေတတ်သည်။

''အဲလောက် အဖြစ်သည်းစရာလားကွာ၊ လူဆိုတာ ဝေဖန် မှုတွေနဲ့ အသက်ရှင်နေကြတာ၊ ပိန်ရင်ပိန်လို့၊ ဝရင်ဝလို့၊ ဖြူလို့မည်း လို့၊ ဘယ်သူက ဘယ်သူ့ရဲ့ စပွန်ဆာ၊ ဘယ်သူ့ရည်းစား ဘာညာ၊ အဲဒါတွေ ဂရုစိုက်နေရင် ထမင်းစားပျက်တယ်၊ ရင်ခံတယ်၊ ကောင်းတာပြောပြော မကောင်းတာကို ရှုံ့ချချင်ချ၊ အာရုံရောက်မနေစမ်းပါနဲ့ ကွာ၊ ဒီဘက်နားထဲ ဝင်လာရင် ဟိုဘက်နားထဲက ထုတ်ပစ်လိုက်စမ်း ပါ''

စီစစ် ထိုသို့ပြောလည်း ပုဂ္ဂိုလ်က ဝေဖန်မှုတွေကြားမှာ အနေ အစားကျပ်လျက်ပင်။

''တခြား ကန်တင်းသွားထိုင်မယ်ကွာ၊ ကောင်မလေးတွေက ငါတို့ကိုပဲ ကြည့်နေတော့ ထမင်းလုတ်က မျိုမကျဘူး၊ ရေနဲ့မျောချနေ ရတာ လည်း ဗိုက်ကြီးကားနေပြီ''

''ရေသောက်လို့ သေတဲ့မသာဆိုပြီး ကျောင်းမှာနာမည်ကြီး သွားတာပေါ့ကွာ၊ ငါကတော့ တခြားမသွားဘူး၊ ဒီမှာပဲ နေမယ်၊ မင်း ဘာသာ သွားချင်သွား''

စီစစ်က ပြောင်ပြောင်တင်းတင်းပင် ရယ်မောမပျက်။

သူ စားစရာရှိတာ စားသည်။ သူ ရှိုးချင်ငမ်းချင်သော မိန်းကလေးတွေကို အားမနာတမ်းကြည့်။

ပေါ့ပေါ့တန်တန် အလေးအနက် မရှိတာက စီစစ် စတိုင်ပင်။

''သဲသဲနဲ့တောင် မပြတ်သေးဘူး၊ နောက်တစ်ယောက်ကို မင်း အကြောင်းရှာနေပြန်ပြီလား စီစစ်ရာ၊ တစ်ခါတလေ အေးအေးဆေး ဆေး နေကြည့်စမ်းပါ''''ရည်းစားမရှိဘဲ ငါ မနေတတ်ဘူးကွ၊ ကောင်မလေးတွေနဲ့ ကျူနေရတာ ၊ ဘယ်လောက်လန်းလဲ၊ မင်းနဲ့ပဲ အချိန်ကုန်နေရရင် ပျင်းစရာကောင်းတာပေ့ါ''

''ဟာကွာ ငါကတော့ မင်းရည်းစားနဲ့ သွားတွေ့နေတဲ့အချိန် တွေဆိုရင် အရမ်းအားငယ်တယ်''

''ကောင်မလေးတွေက မင်းကို ဝိုင်းပြီး အာဝါးပေးမှာစိုးလို့ လား၊ အဲဒါကြောင့်ပြောတာ အတွေ့အကြုံရအောင် ချစ်ဖူးအောင် ရည်းစားထားပါလို့''

''အသည်းကွဲတော့ ဘယ်လိုလုပ်မလဲ''

''ဟား အဲဒါတွေးကြောက်စရာလား၊ မင်းက ရည်းစားမထား ဘူးပဲ အသည်းကွဲတဲ့ဝေဒနာ ဘာလဲဆိုတာ ဘယ်လိုလုပ်သိမှာလဲ''

''ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမဲ့''

''ဒါပေမဲ့တွေ ဘာတွေ မလုပ်နဲ့၊ ရည်းစားတစ်ယောက်လောက် ထားကြည့်၊ ငါ အောင်သွယ်ပေးမယ်''

''နိုး နိုး မလုပ်ပါနဲ့၊ မိန်းကလေးတွေနဲ့ ငါ စကားမပြောရဲ ပါဘူးကွာ၊ ပြောလည်းမပြောချင်ဘူး၊ မင်းရည်းစားနဲ့ သွားတွေ့ချင်လည်း သွားတွေ့၊ ငါ့ဘာသာ တစ်ယောက်တည်းနေမယ်''

ပုဂ္ဂိုလ် ပျာပျာသလဲ အကြောက်အကန် ငြင်းဆန်နေတာ ကြည့်ပြီး စီစစ် တဟားဟား အော်ရယ်ပစ်လိုက်သည်။

စီစစ် ရယ်လျှင် ပုဂ္ဂိုလ်လောက်တော့ ကြည့်မကောင်းပါ။ ပေ့ါပေ့ါပါးပါး သွက်လက်စွာ နေတတ်လို့ ဒီဇိုင်းမိုက်ပေမယ့် ပုဂ္ဂိုလ်က အနေအေးဆေးစွာဖြင့်

ဆွဲဆောင်မှုပိုရှိသည်။ မိန်းကလေးတွေ လည်းပြန် ငေးကြည့်တတ်တာလည်း ပုဂ္ဂိုလ်ကို အများဆုံးဖြစ်သည်။

ဒါပေမဲ့ ပုဂ္ဂိုလ်က သူ့ကိုကြည့်လျှင် ရှက်ရွံ့နေတတ်ပြီး ခြေလှမ်း မှားကာ စီစစ် လက်မောင်းကို အားကိုးတကြီး တွဲဆုပ်ထားတတ်၏ ။

ဒါကလည်း အရှက်အကြောက်ကြီး သိမ်မွေ့စွာ နေတတ်သည့် အဒေါ်အပျိုကြီးနှင့် အစ်မဖြစ်သူကြောင့်ပင်။

သူ့မေမေ မဆုံးပါးခင်ကလည်း ထိုအတိုင်းပါ။ လင်ယောကျ်ား ကို ချစ်ကြောက်ရိုသေပြီး ဗိုင်းကောင်းကျောက်ဖိ အိမ်ထောင်ရှင်မ ပီသလွန်းသည်။

ညီမနှင့် သမီးကြီးကိုလည်း ပုံစံသွင်းနိုင်ခဲ့သည်မို့ သား ယောကျ်ားလေးဖြစ်သော ပုဂ္ဂိုလ်က သွန်သင်စရာ မလိုလောက်အောင်ကို လိုင်းဝင်သွားခဲ့သည်။

''အခြောက်စိတ်မပေါက်တာ တော်သေးပေမယ့် နူးညံ့သိမ် မွေ့လွန်းတော့လည်း ယောကျ်ားမဆန်ဘူးပေ့ါ၊ ဒါပေမဲ့ အရှုပ်အရှင်း ကင်းပြီး ရန်မများတာကလည်း စိတ်ချမ်းသာရတာ ပဲ၊ သားလေး ပုဂ္ဂိုလ် နဲ့ပေါင်းသင်းနေတာ မေမေ စိတ်ချပါတယ်၊ သား ဒယ်ဒီလိုသာဆိုရင် တော့ မေမေ ရင်ကျိုးရချည်ရဲ့ကွယ်''

စီစစ် မေမေ မသေဆုံးခင်က ပုဂ္ဂိုလ်ကို အားကျဖို့ တိုက်တွန်း ခဲ့သည်။ ဆုံးမသွန်သင်နားချခဲ့သည်။

ဒါပေမဲ့ စီစစ်က ဒယ်ဒီ ဗီဇသွေးပါကာ ဘယ်အရာကိုမှ အလေးအနက် မရှိပါ။ လေးတန်းနှစ်လောက်ကတည်းကအတူ ပေါင်း သင်းဖြစ်ခဲ့သည့် ပုဂ္ဂိုလ်ကိုလည်း အားမကျ။

နေရာတကာ ပျော့ညံ့တွေဝေလွန်းပြီး အရှက်အကြောက်ကြီး လွန်းတာကို စိတ်မရှည်။

ခုလိုဖြစ်ပြီဆိုလည်း ရယ်လို့မဆုံး။

''စီစစ် မင်း အဲလိုရယ် မနေနဲ့ကွာ၊ မင်းရယ်နေတော့ လူ တွေ ပိုကြည့်တယ်ကွ၊ မင်းစားလို့ပြီးရင် အတန်းထဲဝင်ရအောင်''

''စာသင်ချိန်လည်း မဟုတ်ဘဲနဲ့ မဝင်သေးပါဘူး၊ မင်း ဝင် ချင်ဝင်လေ၊ ငါက ကေသီနဲ့ သွားတွေ့မလို့ ကန်ပေါင်မှာ ချိန်းထား တယ်''

''အာ ငါ တစ်ယောက်တည်းလား၊ စာသင်ခန်းထဲမှာလည်း မဟုတ်ဘဲနဲ့ ဒီနေရာမှာ တစ်ယောက်တည်း မနေချင်ပါဘူး၊ မင်းနဲ့ လိုက်ခဲ့မယ်ကွာ နော်'' ''အေး သူများသမီးရည်းစား ချိန်းတွေ့တာ လိုက်မယ်ဆို လည်း လိုက်ပေ့ါ၊ ဝေးဝေးမှာတော့ ထိုင်ရမယ်နော်၊ ချောင်းမကြည့်နဲ့''

''ဝါသနာ မပါပါဘူး၊ အားလည်း မကျဘူး၊ ငါ တစ်ယောက် တည်း မနေချင်လို့''

''အေးပါ ပြီးရော၊ တစ်နေ့နေ့ကျရင် မင်း အားကျလာအောင် ကို လုပ်ပြမယ်''

စီစစ် ကြိမ်းဝါးတော့ ပုဂ္ဂိုလ် မပွင့်တပွင့် ရယ်ရင်း စီစစ် နောက်က ထလိုက်လာသည်။

ဒါလည်း ထုံးစံအတိုင်း . . .။

*

# အခန်း (၂)

ထုံးစံအတိုင်း ပုဂ္ဂိုလ်ပါလာတာကို တခြားမိန်းကလေးတွေလို ပင်ကေသီ အလိုမကျစွာ မျက်စောင်းဝေ့သည်။

''သူက ဘာလို့ လိုက်လာတာလဲ ကိုရယ်၊ သူများ သမီး ရည်းစားတွေ ချိန်းတွေ့တာ အလိုက်သိဖို့ကောင်းတယ်၊ နောက်တစ်ခါ သူ့ကို ခေါ်မလာလို့ မရဘူးလားဟင်''

''မင်း ဘယ်လိုပြောလိုက်တာလဲ ကေသီ၊ ပုဂ္ဂိုလ်က ကိုယ့် သူငယ်ချင်း၊ သူ့ကိုထားခဲ့လို့ ဘယ်ဖြစ်မလဲ၊ ကိုယ်တို့ကို သူ အနှောင့် အယှက်ပေးနေတာမှ မဟုတ်တာ''

''ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ စိတ်ကသိကအောက် ဖြစ်ရတာ ပေါ့၊ လွတ်လပ်မှုမှ မရှိတာ''

''သူက ဟိုးဘက်က ခုံမှာ အေးအေးဆေးဆေး တစ်ယောက် တည်း ထိုင်နေတာ၊ ဘာတွေများ ဒီထက်ပိုပြီး လွတ်လပ်ချင်သေးလို့ လဲ၊ ကိုယ်ကတော့ စိတ်ကွယ်ရာအရပ်မှာတောင် မတော်တရော် စိတ်ကူး မရှိဘူးနော်၊ မင်းနဲ့ ရိုးရိုးလေးပဲ လာတွေ့တာ''

''ဘာ''

စူးခနဲ အော်ရင်း ကေသီ မကျေမနပ် ထရပ်၏ ။ စီစစ်က ထိုင်ခုံလေးကို ကျောကပ်မှီကာ သက်သောင့်သက်သာ ပြုံးသည်။

''ရှင်က ဘာစိတ်ကူးမှ မရှိဘူးဆိုတော့ ကျွန်မက အဲလို

စိတ်ကူးတွေရှိနေလို့ ရှင့်သူငယ်ချင်းကို မနာလိုဖြစ်နေတဲ့ သဘောလား''

''အဲဒါ ဘယ်သူ သိနိုင်မှာလဲ၊ သူပါလာတာ ကိုယ့်အတွက် လုံခြုံတယ်''

''စီစစ် ရှင် ရှင် တောက်''

ကေသီ ဒေါသအိုးဖြန်းဖြန်းကွဲသွား၏။ မထီတရီ မဲ့ပြုံးများနှင့် စီစစ်ကို စေ့စေ့ကြည့်ပြီး

''ရှင် ကျွန်မကို ရှင့်သူငယ်ချင်းလောက်တောင် တန်ဖိုးမထား တာ သိသွားပြီ သိလား၊ ရှင်နဲ့ကျွန်မ ဒီနေ့ကစပြီး အပြတ်ပဲ''

''အဲဒီ စကားက မင်းမပြောလည်း ကိုယ်ပြောမလို့ပါ၊ ဒီ လောက် သဘောထားသေးသိမ်တဲ့ မိန်းကလေးဆိုရင် ကိုယ်နဲ့ဖြစ်မှာ မဟုတ်ဘူး၊ သေချာတယ်''

''တောက်''

တက်ခေါက်သံကျယ်ကျယ်၊ ခြေသံပြင်းပြင်း၊ မျက်စောင်းစူး စူးနှင့် ကေသီ လှည့်ထွက်သွားတော့ စီစစ် ပါးစပ်ကိုပိတ်ကာ တခွိခွိ ရယ်သည်။

ထိုအခါမှ ခပ်လှမ်းလှမ်း ခုံတန်းလေးကနေ ပုဂ္ဂိုလ် ကပျာ ကယာ ထလာပြီး

''ကေသီက ဘာဖြစ်သွားတာလဲ''

''ထုံးစံအတိုင်းပေါ့''

''ဟာကွာ ငါ လိုက်မလာမိခဲ့ရင် ကောင်းမှာပဲ၊ အခုတော့ ငါ့ကြောင့် မင်း ရည်းစားတစ်ယောက်နဲ့ပြတ်ပြန်ပြီ''

''စိတ်မကောင်းဖြစ်နေတဲ့အသံနဲ့ မကျူစမ်းပါနဲ့၊ ငါကိုက မိန်း ကလေးတစ်ယောက်ကို တစ်လလောက်တွဲပြီးရင် ပျင်းသွားလို့ပါ၊ အသစ် အဆန်းက

ပိုရင်ခုန်ဖို့ကောင်းတယ်ကွ''

စီစစ်က ရည်းစားနှင့် အစိမ်းလတ်လတ် ကွဲသွားတာတောင် ပေ့ါပေ့ါပါးပါး ပျော်ပျော်ပင်။

ပုဂ္ဂိုလ် ရင်ထဲမှာတော့ ကိုယ့်ကြောင့်ဆိုသည့် အတွေးကြောင့် လေးလေးပင်ပင် စိတ်မကောင်းဖြစ်နေမိတာ အမှန်။''မင်း နောက်တစ်ယောက်နဲ့ ချိန်းတွေ့ရင် ငါ မလိုက်တော့ ပါဘူးကွာ၊ ခဏ ခဏ ဒီလိုကြီးဖြစ်သွားတော့ ငါ တကယ် စိတ်မကောင်း ဘူး''

''မင်းကြောင့် မဟုတ်လည်း ငါ ဒီအတိုင်း နေတတ်တာ၊ မင်းသိသားနဲ့ကွာ၊ င့ါဘဝမှာ ရည်းစားတွေက မင်းလိုသူငယ်ချင်းလောက် အရေးမကြီးဘူး၊ မင်းက င့ါရဲ့ အချစ်ဆုံး၊ အရင်းနှီးဆုံး သူငယ်ချင်း''

''ငါလည်း မင်းကို အခင်ဆုံးပါ၊ အားလည်းကျတယ်၊ တစ်ခါ တလေ မင်းလိုမျိုး ဘာကိုမှ ဂရုမစိုက်ဘဲ လွတ်လွတ်လပ်လပ် နေပစ် လိုက်ချင်တာ''

''နေပေ့ါကွာ၊ ယောကျ်ားဆိုတာ ယောကျ်ားအသွေးအရေနဲ့ လွတ်လပ်ပျော်ရွှင်မှုကို ခံမင်ကြတာချည်းပဲ''

''အပြစ်ကင်းကင်းနဲ့ သိမ်သိမ်မွေ့မွေ့ နေတတ်တဲ့ ယောကျ်ား တွေလည်း ရှိပါတယ်ကွာ၊ ဒေါ်လေးနဲ့ မမက င့ါကို အဲလိုပဲ နေစေချင် တာ၊ မေမေ ရှိတုန်းကဆို စကားတောင် ကျယ်ကျယ်ပြောရတာ မဟုတ်ဘူး''

ဒါကြောင့် ပုဂ္ဂိုလ် စကားပြောတာ တိုးတိုးညင်သာနှင့် မပွင့် တပွင့် ဖြစ်နေတာဖြစ်မည်။ အဝတ်အစား ဝတ်တာလည်း စီစစ်လောက် ဟော့ဖြစ်မနေ။

ဒါပေမဲ့ လည်ကတုံးနှင့် တိုက်ပုံတွေ ဗန်ကောက်ပုဆိုးတွေ မဝတ်ရသေးတာ တော်သေး၏ ။

ရှေးရိုးမဆန်လွန်းပေမယ့် ခေတ်နှင့်တစ်ပြေးညီ မဟုတ်တာ တော့

အသေအချာ။

''ကိုယ်ပိုင်အစွမ်းအစနဲ့ မင်း ဘယ်တော့ ရင့်ကျက်မှာလဲ ပုဂ္ဂိုလ်၊ ငါသာ မင်းနေရာမှာဆိုရင် ငုတ်တုတ်မေ့ပြီး သေမှာ''

စီစစ်က ညည်းညူစွာပြောရင်း ပုဂ္ဂိုလ်ပခုံးကို ခပ်ဖိဖိ ဆုပ်ညှစ်လိုက်သည်။ ပုဂ္ဂိုလ်က မတုန်မလှုပ်ဖြင့်

''ငါ ဒီလိုနေရတာ နေသားကျနေပြီကွ၊ ငယ်ငယ်ကတည်း အတိုင်းဆိုတော့ အလေ့အကျင့် ဖြစ်နေတဲ့ သဘောပေ့ါ''

''ဩော် အင်း''

စီစစ်က ပုဂ္ဂိုလ်ပြောနေတာကို အာရုံမရ။

တစ်ယောက်လက်မောင်း တစ်ယောက်ပုတ်ကာ ရိုက်ကာ၊ ရယ်မောလျှောက်လှမ်းလာနေသော ကောင်မလေးနှစ်ယောက်ကို စူးစူး စေ့စေ့ ညှို့ရီစွာ ငမ်းနေသည်။

''ဟင်''

ဂုတ်အောက် မရောက်တရောက် ဆံနွယ်လေးတွေ တခါခါ နှင့် ကောင်မလေးရဲ့ အသားအရေက ကြက်ဥနှစ်လေးလို ဝင်းဝါအိစက် နေကာ မနိမ့်လွန်း မမြင့်လွန်းသည့် အရပ်အမောင်းက အချိုးအစား ပြေပြစ်ကြည့်ကောင်းလွန်းနေသည်။ ဖက်ဖူးစိမ်းရောင် အပျော့သား ကိုယ်ကျပ်လေးနှင့် အနက်ရောင် ရှော့ပန်အတိုလေး ဝတ်ထားသည်မို့ လန်းဆန်းတက်ကြွမှုတွေက အပြည့်။

''ပုဂ္ဂိုလ်''

စီစစ် ခေါ်တာ ပုဂ္ဂိုလ် မကြား။ မင်တက်မိစွာ ထိုကောင် မလေးကို လိုက်ငေးနေမိတာကြောင့်ပင်။

''ဟိတ်ကောင် ပုဂ္ဂိုလ်''

''ဟင် ဘာ ဘာလဲ''

စီစစ် ဆောင့်အောင့် အော်လိုက်သည်မို့ ပုဂ္ဂိုလ် ပျာပျာသလဲ အထိတ်တလန့် လည်လေးစောင်းငဲ့ထူးလိုက်ရ၏။

''မင်းက ဘာဖြစ်တာလဲ''

''ဘာ ဘာမှမဖြစ်ပါဘူး''

''ဟိုကောင်မလေးတွေဆီ အာရုံရောက်သွားတာ မဟုတ်ဘူး လား''

''အာ မဟုတ်ပါဘူး၊ ငါက ဘာလို့ ကောင်မလေးတွေကို လိုက်ကြည့်မှာလဲ''

''အေး အဲဒါဆိုလည်း ပြီးရော၊ ငါ့ရင်ဘတ်တော့ တော်တော် ထိသွားတယ်''

''မင်းကလည်း မိန်းကလေးမှန်သမျှ မင်းရင်ဘတ်ကို ထိပဲ ထိနိုင်လွန်းတယ်''

''အဲဒီ ကောင်မလေးကို ငါ ရအောင်လိုက်ပြနိုင်မယ်ဆို မင်း ယုံမလား''

''မင်းကကွာ၊ တခြားကောင်မလေးတွေနဲ့ ပြတ်သေးတာလည်း မဟုတ်ဘဲနဲ့''

''ငါ ဒီနေ့ ပြတ်ချင်ပြတ်လို့ရတာ ပဲဥစ္စာ၊ တွေးပူစရာလား၊ ငါ့ဘဝမှာ အပေါ်ဆုံးက မိန်းမနဲ့ငွေပဲ''

''ကျွတ်''

ဒီတစ်ခါ စီစစ်ကို ဘာကြောင့် စိတ်မရှည်မကျေမနပ်ဖြစ်မိမှန်း မသိ။ ကောင်မလေး အဝေးရောက်သွားသည့်တိုင်အောင် အမှတ်မထင်

လည်ပြန်ကြည့်နေမိဆဲပင်။ ထိုကောင်မလေး စီစစ်ရဲ့ပစ်မှတ်ဖြစ်လာနိုင် သလား။

*

## အခန်း (၃)

''အဲဒီ တော့ တူမကြီး ဘာဖြစ်ချင်တာလဲ''

''ကိုဇော်နဲ့ လက်ထပ်ချင်တယ် ဒေါ်လေး၊ သူ့ဘက်က မိသား ဖသားပီပီ လာတောင်းရမ်းမယ့်ကိစ္စကို ဒေါ်လေးက မိုးရဲ့လူကြီး မိဘ နေရာကနေ ကြည်ကြည်ဖြူဖြူ လက်ခံပေးစေချင်တာပါ''

''အဲဒါ အချိန်တွေမမြန်လွန်းဘူးလား မိမိုး၊ ဘယ်အချိန်တုန်း က ညည်းမှာ ချစ်သူရည်းစားရှိတဲ့အကြောင်း ငါ့ကိုပြောပြဖူးလို့လဲ''

''အဲ အဲဒါက ဒီလိုပါ ဒေါ်လေး၊ သူနဲ့ချစ်သူဖြစ်တာ မကြာ သေးပါဘူး၊ မိုး စာသင်ပြီးအပြန်မှာ၊ သူ့ဆိုင်ကယ်နဲ့ တိုက်မိမလိုဖြစ် ရာကတွေ့ဆုံရင်း ရင်းနှီးခဲ့ကြတာပါ''

''ဪ ဒါဆို ညည်းဆိုင်ကယ်တိုက်မိမလို ဖြစ်တယ်လို့ ပြောပြတာ တစ်လတောင် မရှိသေးဘူးပဲ''

''ဟုတ် ဟုတ်ကဲ့''

မိုးမိုးခင် မျက်နှာလေး သေးငယ်ကျုံ့ဝင်သွားကာ အသံတွေ လည်း တုန်နေသည်။ ကိုယ့်မှာအပြစ်ရှိနေသည် မဟုတ်လား။ ဒီလောက် ထိ မြန်မြန်ဆန်ဆန် ဆုံးဖြတ်မိတာ ကိုယ့်ကိုယ်ကိုယ်လည်း အံ့သြနေ သည်။

ဒါပေမဲ့ ကိုဇော် တောင်းဆိုမှုတွေကို မလွန်ဆန်နိုင်။ အချိန် ခဏလေးအတွင်းမှာ တဖွတ်ထိုး တစောက်ကန်း စိတ်မြန်လက်မြန်ရှိ လွန်းသော ကိုဇော်စိတ်ကို သိခဲ့ရပေမယ့် အပြစ်မြင်ဖို့ အင်အားလည်း မရှိ။

''ဘာလို့ တစ်ယောက်နဲ့တစ်ယောက် လေ့လာဖို့ အချိန်ယူနေ ဦးမှာလဲ၊ မင်းက အရမ်းရင့်ကျက်တည်ငြိမ်နေတဲ့ ကျောင်းဆရာမ တစ်ယောက်၊ ကိုယ်ကလည်း ကားတွေ၊ ဆိုင်ကယ်တွေ အရောင်းအဝယ် လုပ်နေတဲ့ လုပ်ငန်းရှင်တစ်ယောက်၊ အသက်အရွယ်တွေလည်း မငယ် တော့ဘူး၊ ဒီထက် အရွယ်လွန်ရင် သားသမီးယူဖို့ ခက်လိမ့်မယ်၊ မင်း အချိန်ဆွဲနေရင် ကားတင်ပြေးမှာနော်''

ခြိမ်းခြောက်မှုကို ကြောက်ရွံ့လို့ မဟုတ်ဘဲ သူမကိုယ်တိုင်က ကိုဇော်အချစ်ကို မလွန်ဆန်နိုင်လို့ လက်ခံမိခဲ့ခြင်း ဖြစ်သည်။''ဟဲ့ ငါ ပြောနေတယ်လေ၊ အဒေါ်ကိုများ ဂရုစိုက်ပါဦး၊ ညည်းတို့ အမေ မရှိကတည်းက ဒီအဒေါ်နဲ့တိုင်ပင်ဖော် တိုင်ပင်ဖက် နေလာခဲ့ပြီး အခု ဘယ်လိုဖြစ်ရတာ လဲ''

''အခုလည်း တိုင်ပင်နေတာပဲ ဒေါ်လေးရယ်''

''တိုင်ပင်တယ်ဆိုတာ ဒီလိုမျိုးမှ မဟုတ်တာ၊ အခုက အသိ ပေးတာ မဟုတ်ဘူးလား၊ ကျွန်မ ဒါလုပ်လိုက်ပါပြီဆိုပြီးတော့လေ၊ ငါက ညည်းတို့ ဘာပြောပြော လက်ခံပေးရမယ့်သဘောပေါ့၊ မကောင်း တာ ကောင်းတာ မလေ့လာရတော့၊ မစုံစမ်းရတော့ဘူး ဒီလိုမဟုတ်လား''

''အဲလို မဟုတ်ပါဘူး ဒေါ်လေးရယ်၊ မိုး စုံစမ်းလေ့လာပြီးပါ ပြီ၊ ကိုဇော်က လူကောင်းတစ်ယောက်၊ လုပ်ငန်းရှင်တစ်ယောက်ပါ''

''ဘာဖြစ်ဖြစ် လက်ခံလိုက်ပါ ဒေါ်လေးရယ်၊ မမက ကျောင်း ဆရာမတစ်ယောက်ဖြစ်လို့ လူကဲခတ်ကျွမ်းနေပါပြီ၊ သားတို့အိမ်မှာ လည်း လူအရမ်းနည်းနေတာပဲဥစ္စာ၊ လူတစ်ယောက်တိုးတော့ ပိုကောင်း တာပေါ့''

''အံမယ် အံမယ် မောင်နှမနှစ်ယောက် စည်းဝါးကိုက်နေလိုက် တာ''

အမှတ်တမဲ့ ဝင်ပြောပေးလိုက်သော ပုဂ္ဂိုလ်ကို ဒေါ်ခင်ခင်မြင့် မျက်စောင်းဝင့်သည်။ တော်ရုံတန်ရုံ ဝင်မပြောချင်ပေမယ့် မမ အရွယ်က

အိမ်ထောင်သားမွေးပြုဖို့သင့်တော်နေပြီပဲ။

မမ ပြောပုံအရဆို မမ လက်ထပ်မည့်သူက အခြေမဲ့အနေမဲ့ အဆင့်အတန်းမဲ့နေသည့် လူတစ်ယောက်လည်း မဟုတ်။ ပြီးတော့ သူ့အတွက် ယောကျ်ားလေးအဖော်တစ်ယောက် လိုအပ်နေတာလည်း အမှန်။

ဒေါ်လေးကို ရအောင် ဖျောင်းဖျနိုင်မှ ဖြစ်မည်။

''ဒေါ်လေးရယ် စည်းဝါးကိုက်တယ်ဆိုတာထက် မမက အိမ် ထောင်ပြုဖို့ သင့်တော်တဲ့အရွယ် ရောက်နေလို့ ပြောရတာ ပါ၊ ဒီထက် အသက်ကြီးသွားရင် ဘယ်သူက စိတ်ဝင်တစား ရှိတော့မှာလဲ''

''မရှိတော့ ငါ့လို အပျိုကြီးလုပ်ပေါ့၊ ဘာခက်တာမှတ်လို့''

''အဲလိုလုပ်လို့ အသက်ကြီးလာရင် ဘယ်သားစဉ်မြေးဆက်က ကိုယ့်ကိုပြုစုစောင့်ရှောက်မှာလဲ၊ အိမ်ထောင်ပြုတယ်ဆိုတာ အရွယ်ရှိ တုန်းပဲ ကောင်းတာ ဒေါ်လေးရဲ့''

''အမယ်လေး နင်တို့ပြောမှပဲ အပျိုကြီး၊ လူပျိုကြီးလုပ်မိတဲ့ သူက အထီးကျန်ဘဝနဲ့ သေရတော့မလိုလိုပဲ၊ နင်တို့ ကြိုက်သလိုလုပ် ကြပေါ့၊ ငါ့ကို ဘာမှမပြောကြနဲ့''

ဒေါ်လေး စိတ်ကောက်ကာ ထမင်းစားဝိုင်းက ထသွားသည်။ မမက ထမင်းမစားနိုင်အောင် မျက်ရည်တွေ ဝဲကာ စိတ်မကောင်း ဖြစ်သွား၏ ။

''ဒေါ်လေးကဗျာ သူ့တစ်ယောက်တည်းရှိလို့ အသိပေးတိုင်ပင် တာလည်း လက်မခံဘူး၊ သူ့လို အရွယ်လွန်သွားလို့ ဘယ်သူမှ ယူ မယ့်သူမရှိ၊ ဖြစ်စေချင်နေတာလား မသိဘူး''

''အဲလို မပြောပါနဲ့ မောင်လေးရယ်၊ သူ့ကို စောစော မတိုင် ပင်လို့ စိတ်မကောင်းဖြစ်သွားတာပါ၊ ကိုယ်က သူစိတ်ပြေအောင် ချော့ ရမှာပေါ့''

''မဟုတ်ပါဘူး၊ ချော့နေရမယ့်အရွယ်မှ မဟုတ်တော့တာ နား လည်ပေးရမှာပေါ့၊ မိုက်မိုက်မဲမဲ ခိုးရာလိုက်သွားရင် သူ ဘာတတ်နိုင် မှာလဲ''

''မောင်လေး စကားကို အဲလို လက်လွတ်စပယ် မပြောနဲ့လို့ ပြောထားတယ်လေ၊ ဘာပဲဖြစ်ဖြစ် သိမ်သိမ်မွေ့မွေ့ ဆွေးနွေးကြည့်ရ မှာပေါ့၊ အခုလိုမျိုး ဒေါသတကြီး အသံကျယ်ကျယ်အော်တာ မမ မကြိုက်ဘူးနော်''

ပုဂ္ဂိုလ် အသံတိတ်သွားရ၏ ။ ဒီအိမ်မှာ စိတ်ရှိသလောက် ပေါက်ကွဲခွင့်မရှိပါ။

စိတ်လက်မကြည်မသာနှင့် ထမင်းဝိုင်းက ထလာခဲ့တော့လည်း ဘယ်သွားရမှန်းမသိ။ အပေါင်းအသင်းများများစားစား မရှိတာမို့ စီစစ် တို့အိမ်ဘက်သာ ထွက်လာခဲ့သည်။

နှစ်ခြံကျော်လောက်ပဲ ရှိတာမို့ ကားယူစရာမလို။ စက်ဘီး ရှိပေမယ့်လည်း ဒေါ်လေးက ဂိုထောင်ထဲ ထည့်သိမ်းထားတာမို့ သော့ တွေဘာတွေ တောင်းနေရလျှင် တော်တော်နှင့် အပြင်ထွက်ရဖို့ သိပ် မလွယ်။

စီစစ်တို့ ခြံဝင်းတံခါးရှေ့ကိုရောက်တော့ ခြံစောင့်ကြီး ဦးဘဖြူ က ဝင်းတံခါးရှေ့မှာ အမှိုက်လှဲနေသည်။

''ဦးလေး စီစစ်ရှိတယ် မဟုတ်လား''

''မရှိဘူးကွ၊ ခုလေးပဲ ကားတစ်စီးနဲ့ ထွက်သွားလေရဲ့''

''ဗျာ ဘယ်သွားတာလဲ''

''မသိပါဘူးကွာ၊ ထုံးစံအတိုင်း ကောင်မလေးတွေနဲ့ သွားတွေ့ တာနေမှာပေါ့''

''ဟင်''

လတ်တလော သူ သိသလောက်တော့ စီစစ်မှာ တွဲနေသည့်

မိန်းကလေးအားလုံးနှင့် ပြတ်နေပါပြီ။

ဘယ်လိုဖြစ်တာလဲ။

နောက်အသစ်တစ်ယောက် ထပ်ရှာနေပြန်ပြီလား။

စီစစ်က ရည်းစားမရှိလျှင် မနေတတ်သည့်ကောင်။ ဘယ်မိန်းကလေးကိုမှ အလေးအနက် အတည်တကျ ကြာရှည် တွဲတတ်တာလည်း မဟုတ်။

ဘယ်လို မိန်းကလေးကို စီစစ် ကြိုးပမ်းနေပြန်ပြီလဲ။

*

## အခန်း (၄)

''မနက်က ပုဂ္ဂိုလ် လာသွားသေးတယ်ဆို အန်တီ''

အိမ်ထဲဝင်ဝင်ခြင်း စလွယ်သိုင်းထားသည့်အိတ်ကို ဆိုဖာခုံ ထောင့်လွှဲပစ်ရင်း မေးတော့ ဒေါ်သိမ့်စန္ဒီ စီစစ်ကို မျက်စောင်းထိုး သည်။ ဒီသူငယ်ချင်းဆိုလျှင် စီစစ်တို့က သည်းသည်းလှုပ်။

''အေး လာသွားတယ်လို့ ဦးဘဖြူကတော့ ပြောတာပဲ၊ မင်း သူငယ်ချင်းကလည်း မင်းမရှိလို့ အိမ်ထဲတောင် မဝင်ဘူး၊ ကျိန်စာတိုက် ထားတာကျနေတာပဲ''

''ပုဂ္ဂိုလ်ကို အဲလိုမပြောပါနဲ့ အန်တီရာ၊ ကျွန်တော် မရှိဘဲ နဲ့ အိမ်ထဲဝင်ရမှာ အန်တီ့ကို အားနာလို့ဖြစ်မှာပေ့ါ''

''အမယ်လေး သူ့သူငယ်ချင်းကို ပြောမိတာနဲ့ အကဲဆတ်နေ လိုက်တာ၊ ကဲပါ မင်းကရော ကျောင်းပိတ်ရက်တောင် အိမ်မနေနိုင် အောင် ဘာတွေများ အလုပ်ရှုပ်နေတာလဲ၊ အရင်က အပြင်ထွက်ရင် ပုဂ္ဂိုလ်ပါနေကြကို၊ အခုမှ ခေါ်မသွားတော့ ဟိုက စိတ်ဆိုးသွားလား တောင် မသိဘူး''

''ပုဂ္ဂိုလ်က စိတ်မဆိုးတတ်ပါဘူး၊ ဘာလို့ ကျောင်းပိတ်ရက်ကြီး ကျွန်တော့်အိမ်ရောက်လာတာလဲဆိုတာပဲ မတွေးတတ်တာ၊ အရင်က ကျွန်တော်သွားခေါ်မှ လာတာလေ၊ တော်ရုံတန်ရုံ သူ့တစ်ယောက်တည်း အပြင်ထွက်တာ မဟုတ်ဘူး၊ ကျွန်တော် သူ့အိမ်လိုက်သွားလိုက်ဦးမယ် အန်တီ''

''ဟဲ့ သြော် ဘယ်လိုဖြစ်တာလဲ၊ ထိုင်စမ်းပါဦး၊ မင်းကို ဖမ်း မိတဲ့အချိန်လေး စကားပြောပါဦးမယ်''

''အန်တီကဗျာ''

လက်ကို ဖမ်းဆွဲထားသည်မို့ စီစစ် မကျေမနပ် ပြန်ထိုင်လိုက်ရ သည်။

''ကဲ ဘာပြောမှာလဲပြော''

''အမယ်လေး သူငယ်ချင်းဆီမသွားရတာ နဲ့ ငါ့ကို စိတ်မရှည် သလို ဆောင့်ကြီးအောင့်ကြီး လုပ်နေရလား၊ တကယ်ပါပဲ ပြုစုစောင့် ရှောက်ရကျိုး မနပ်လိုက်တာ''''ပြောစရာရှိတာ ပြောတာ မဟုတ်ဘူး အန်တီရာ၊ အရမ်း ရစ်တာပဲ''

''အေးပါ မင်းဒယ်ဒီ ဖုန်းဆက်တယ်၊ သားက ကျောင်းပြီးရင် လိုက်လာမယ်ဆိုလို့ ဟိုမှာလုပ်ငန်းနေရာအတွက် အားလုံးပြင်ဆင်ထား တယ်တဲ့၊ သားဘက်က စာမေးပွဲဖြေပြီးပြီးချင်းလာဖို့ ပတ်စ်စပို့တွေ ဘာတွေ အဆင်သင့်ဖြစ်ပြီလားဆိုတော့ ငါ နားမလည်နိုင်အောင် ဖြစ် နေတာ၊ မင်းက နောက်ဆုံးနှစ်ဖြေဖို့ နောက်တစ်နှစ်လိုသေးတယ် မဟုတ် လား''

''ဟုတ်တယ် သာဒ်ရီးယား ဖြေပြီးတာနဲ့ ဟိုက ဒါရိုက်တာ အဖွဲ့ဝင်တွေ လုပ်ငန်းရှင်တွေနဲ့ မိတ်ဆက်ပေးဖို့ အတွေ့အကြုံရဖို့ လှမ်း ခေါ်တာ၊ လေ့လာဖို့ အချိန်လိုအပ်ရင် ဘွဲ့ယူမနေနဲ့၊ ဟိုမှာပဲ လက်တွေ့ အနီးကပ်သင်တန်းတွေ တက်ရမယ်လို့ ပြောတယ်''

''ဟောတော် ဒီကကုမ္ပဏီကို ဦးစီးရမယ်ဆို ဘယ်လိုဖြစ်တာ လဲ''

''အဲဒီ အတွက်ပဲ သွားရမှာလေ၊ ကိုယ့်ကုမ္ပဏီမှာ နိုင်ငံတကာ က ရင်းနှီးမြှုပ်နှံလာဖို့အတွက် အရေးကြီးလို့လို့ ပြောတာပဲ၊ ကျောင်းပြီး အောင်စောင့်နေရင်း သူများကုမ္ပဏီတွေနဲ့ အဆက်အသွယ် ရသွားမှာ စိုးလို့ ဒီလို စီစဉ်တာ၊ ကျောင်းဖွင့်အမီပြန်လာနိုင်ရင်တော့ ပညာရေး လည်း လက်လွှတ်စရာ မလိုဘူး၊ လုပ်ငန်းအတွက်လည်း အဆင်ပြေတာ ပေါ့''

''သြော် အေး အဲဒါလည်း ဟုတ်တာပဲ''

စီစစ် ရှင်းပြမှ ဒေါ်သိမ့်စန္ဒီ သဘောပေါက်သွားသည်။ စီးပွား ရေးဘက်မှာ လောဘကြီးလွန်းသော အဖေနဲ့သား လိုက်လည်း လိုက်ပါရဲ့။

''မင်းဒယ်ဒီက ဥစ္စာပစ္စည်းတွေနဲ့ လုပ်ငန်းတွေ လွှဲအပ်ဖို့ကို စည်းစနစ်ကောင်းကောင်းနဲ့ သေချာစီမံနေတာပဲ၊ မင်းက သေချာသင်ယူ ပေ့ါ၊ ဒါမှ အုတ်မြစ်ခိုင်မာမှာ''

''ဒယ်ဒီက ကျွန်တော်တို့ သူငယ်ချင်းတွေထက်တောင် ရှေ့ကို ကြိုမြင်နေသေးတယ်''

''အေး မင်းဒယ်ဒီက မိန်းမကိစ္စကလွဲရင် အကုန်ကောင်းပါ တယ်၊ အဲဒီကိစ္စနဲ့ ပြဿနာတွေလည်း တက်ခဲ့ပြီ၊ နိုင်ငံခြားမှာ အနေ အထိုင် မဆင်ခြင်ဘဲ ထင်တိုင်းကြဲနေဦးမယ်ဆိုရင်တော့ ကိုယ့်ဆီမှာလို ဖြေရှင်းလို့ လွယ်မှာမဟုတ်ဘူး''

''အဲဒီ အတွက်တော့ မပူပါနဲ့၊ ဒယ်ဒီက အရှောင်အတိမ်းမှာ ဂျက်စီဂျိမ်းပါ၊ သူ့ပြဿနာသူ ရှင်းနိုင်ပါတယ်''

''မင်းက အဲဒါကို အားကျပြီး အဖေ့ခြေရာနင်းနေတာလား စီစစ်၊ မင်းလည်း မိန်းကလေးတွေကို ဆော့ကစားစရာ ဖျော်ဖြေမှုတစ်ခု လောက် သဘောထားနေတာ၊ တစ်နေ့နေ့ အဲဒီ ပြစ်ဒဏ်တွေ နာနာကျင် ကျင် ခံစားရမယ်နော်''

ဒေါ်သိမ့်စန္ဒီ စကားကို စီစစ်က လှောင်ပြောင်သရော်သလို ပခုံးတွန့်ကာ ပြုံး၏ ။

''မိုင်နာတွေပါ အန်တီလေးရာ၊ အဲလိုတွေ စိုးရိမ်တတ်လို့ အန်တီလေး အပျိုကြီးဖြစ်နေတာ၊ အကြိုက်မတွေ့သေးလို့ ဒီလိုနေတာပေ့ါ ဗျာ၊ အခုတော့ အဲလို မနေတော့ပါဘူး''

''ဘာကွဲ့ မင်းမှာ''

''ဟုတ်တယ် ရင်ထဲထိ ရောက်လာတဲ့ ကောင်မလေးတစ် ယောက်ကို တွေ့ထားတယ်၊ သူ လက်ခံလာဖို့ ကျွန်တော် ကြိုးစားနေတာ၊ ငြိသွားရင်တော့ ပွဲသိမ်းပဲ''

''အတည်တကျ လက်ထပ်ဖို့အထိ ရည်ရွယ်ထားရင်တော့ ကောင်းတာပေါ့၊ ငါလည်း မင်းတို့သားအဖအတွက် စိုးရိမ်သောကတွေနဲ့ မနေချင်တော့ဘူး''

''အိုကေ ခဏပဲစောင့်၊ အန်တီလေး စိတ်ချမ်းသာစေရမယ်၊ ဟိုရောက်ရင် ဒယ်ဒီကို ဖွင့်ပြောပြီး လက်ထပ်ဖို့အထိ စီစဉ်ခိုင်းမှာ''

တစ်ဖက်က ဘယ်လိုနေမည် မသိ။ စီစစ်ကတော့ အတိအကျ ကို သေချာနေသည်။

မျက်နှာတစ်ခုလုံး အချစ်တို့ဖြင့် ချို့အီပြုံးနေကာ ဘယ်လောက် တောင် မျှော်လင့်ထားလဲ မခန့်မှန်းနိုင်။

တခြားမိန်းကလေးတွေကြောင့် ခံစားရတာ ခြင်း မတူတာတော့ အသေအချာ။

*